ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၅၅ / ၂၀၂၂ )

| | |
|---|---|
| ဒေါ်သီတာအေးပါ (၄)ဦး ( အလုပ်သမား )<br>(၁၅/D)၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။<br>၀၉ – ၄၂၀ ၂၉၅ ၁၀၃ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဒေါ်ခင်ဌေးလင်း ( ဒါရိုက်တာအကြီးအမှူး )<br>Yuzana Garden Hotel<br>ဒေါ်ကေသီနိုင် ( ဒါရိုက်တာ )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ် (၄၄)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။<br>၀၉ – ၅၀၁ ၉၄၄၀ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ နိုဝင်ဘာ လ ၂၂ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ် (၄၄)ရှိ Yuzana Garden Hotel ၊ ဒေါ်ခင်ဌေးလင်း ( ဒါရိုက်တာ အကြီးအမှူး )၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ကေသီနိုင်( ဒါရိုက်တာ)နှင့် အလုပ်သမား ဒေါ်သီတာအေးပါ (၄)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို မင်္ဂလာတောင်ညွန့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှလွှဲအပ်ခံရသဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ တောင်းဆိုသူ အလုပ်သမား ဒေါ်သီတာအေးပါ (၄)ဦးသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိနေသည့်ကာလအတွင်း အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းပြီးအလုပ်နားခဲ့ကြသော်လည်း ဟိုတယ်ဆက်လက်ဖွင့်လှစ်ခဲ့ပြီး ဟိုတယ်အား မူလပိုင်ရှင် ကာကွယ်ရေးဝန်ကြီးဌာနသို့ (၈/၂၀၂၂)လတွင် ပြန်လည်အပ်နှံ၍ ပိတ်သိမ်းခဲ့ရာ ပိတ်သိမ်းသည်အထိ ဆက်လက်လုပ်ကိုင်သည့်ဝန်ထမ်း (၂၈)ဦးအနက်မှ (၁၄)ဦးအား နစ်နာကြေးပေးအပ်ခဲ့မှုအပေါ် ၎င်းတို့နည်းတူ ဒေါ်သီတာအေးပါ (၄)ဦးတို့က နစ်နာကြေးရလိုသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တောင်းဆိုတိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှု မရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဒေါ်သီတာအေးပါ(၄)ဦးအား နစ်နာကြေး ပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ တောင်းဆိုသူ အလုပ်သမား ဒေါ်သီတာအေး(Purchaser)သည် ၈-၃-၂၀၁၀ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ကာ ၁-၁၁-၂၀၂၁ ရက်နေ့အထိ အလုပ်လုပ်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါကြောင့် အလုပ်နားခဲ့ကြောင်း၊ ဒေါ်သီတာဦး(Incharge Assistant)သည် ၉-၆-၁၉၉၆ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ကာ (၁၂/၂၀၂၂)လအထိ လည်းကောင်း၊ ဦးခင်မောင်ညွန့် (Incharge)သည် ၁-၅-၁၉၉၆ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ကာ (၃/၂၀၂၀)လအထိ လည်းကောင်း၊ ဦးမျိုးဝင်းသူ(Waiter)သည် (၁/၂၀၁၂)လတွင် အလုပ်စတင်ဝင်ရောက်ကာ (၂/၂၀၂၀)လအထိလည်းကောင်း အလုပ်လုပ်ကိုင်ခဲ့ကြပြီး ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြောင့် အလုပ်နားခဲ့ကြောင်း၊ ဟိုတယ်တာဝန်ရှိသူမှ ၁-၄-၂၀၂၀ ရက်နေ့တွင် ဝန်ထမ်းအားလုံး Meeting ခေါ်ယူပြီး ကိုဗစ်-၁၉ ရောဂါကူးဆက်မှုများပြားနေသဖြင့် ဆက်လက်လုပ်လိုလျှင် လုပ်နိုင်ကြောင်း၊ ဟိုတယ်မှာ ဆက်လက်ဖွင့်ထားမည်ဖြစ်၍ မိမိတို့သဘောဖြင့် ဆုံးဖြတ်ရန်ပြောရာ အချို့မှာ နယ်သို့ပြန်ကြောင်း၊ အချို့မှာ အိမ်နှင့်တိုင်ပင်ပြီးပြောမည်ဖြစ်ကြောင်းနှင့် အချို့မှာ ဆက်လက်လုပ်ကိုင်လိုကြောင်း၊ တိုင်ကြားသူ ဒေါ်သီတာအေးပါ(၄)ဦးတို့မှ လုပ်ငန်းခွင် လာရောက်မှုမရှိဘဲ အလုပ်ရှင်ထံတင်ပြ၍ ရပ်နားခဲ့သော်လည်း ဟိုတယ်သည် ကျန်ဝန်ထမ်း (၂၈)ဦးဖြင့် ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ ဟိုတယ်တွင် ဧည့်သည်များရှိ၍ ကိုဗစ်-၁၉ ရောဂါ

စည်းကမ်းနှင့်အညီ စိစဉ်ပေးပြီး Quarantine စင်တာအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဦးခင်မောင်ညွှန့်၊ ဒေါ်သီတာဦး၊ ဦးမျိုးဝင်းသူတို့မှာ မလာတော့ကြောင်း၊ (၅)ရက်ဆက်တိုက် စောင့်ခဲ့သော်လည်း မလာသဖြင့် ၎င်းတို့ ဘဏ်အကောင့်ထဲသို့ လစာ၏ ၇၅% ပေးခဲ့ကြောင်း၊ ဦးခင်မောင်ညွှန့်နှင့် ဒေါ်သီတာဦးတို့သည် (၂/၂၀၂၁)လအထိ၊ ဒေါ်သီတာအေးသည် (၁၀/၂၀၂၁) လကုန်အထိ အလုပ်ဆင်းခဲ့ကြောင်း၊ ဦးမျိုးဝင်းသူအား (၅/၂၀၂၀)လအထိ လစာပေးခဲ့ကြောင်း၊ မင်္ဂလာခန်းမတွင် Waiter အလုပ်ရှိသော်လည်း မလာတော့ကြောင်း၊ မူလပိုင်ရှင် ကာကွယ်ရေး ဝန်ကြီးဌာနမှ Yuzana Garden Hotel အား ပရီမီယံကြေး အပြည့်မသွင်းနိုင်ပါက (၃)လအတွင်း အပြီးအပ်ရန် (၅/၂၀၂၂)လတွင် စာပေးပို့လာသဖြင့် (၆/၂၀၂၂)လနှင့် (၇/၂၀၂၂)လအတွင်း ဟိုတယ်အား ပိတ်သိမ်းပြီး (၈/၂၀၂၂)လတွင် အပြီးအပ်နှံခဲ့၍ လုပ်ငန်းပိတ်သိမ်းခဲ့ရကြောင်း၊ ဝန်ထမ်းအချို့သည် ကိုဗစ်-၁၉ ရောဂါကြောက်ပြီး မိမိတို့နေရပ်ပြန်သွားကြကြောင်း၊ ဟိုတယ် တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်းမှ ပိတ်သိမ်းသည်အထိ ဝန်ထမ်း (၂၈)ဦးကျန်ရှိခဲ့ရာ ဆက်လက်လုပ်ကိုင်လိုသော ဝန်ထမ်း (၁၄)ဦးကို ဂရင်းဟဲသာဆေးရုံ၊ စားသောက်ဆိုင်၊ ယုဇန ဟိုတယ်များသို့ သင့်တော်သည့်နေရာများသို့ ရာထူးတူ၊ လစာတူ နေရာများသို့ စေလွှတ်ခန့်ခဲ့ ကြောင်း၊ ကျန်(၁၄)ဦးမှာ ဆက်လက်လုပ်ကိုင်လိုမှု မရှိတော့သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း လုပ်ကိုင်ခဲ့သူများဖြစ်၍ ရသင့်ရထိုက်သူများဖြစ်သည့်အတွက် မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဦးစီးမှူး ရှေ့မှောက်တွင် နစ်နာကြေးအဖြစ် ညှိနှိုင်းစီစဉ်ထုတ်ပေးခဲ့ကြောင်း၊ ယင်းသို့ ၂-၉-၂၀၂၂ ရက်နေ့တွင် ဝန်ထမ်း (၁၄)ဦးအား နစ်နာကြေးပေးပြီးနောက် တောင်းဆိုသူ (၄)ဦးက နစ်နာကြေးရလိုကြောင်း တောင်းဆိုခဲ့ကြကြောင်း၊ အလုပ်ရှင်အနေဖြင့် တောင်းဆိုသူ (၄)ဦးသည် ဟိုတယ်တာဝန်ရှိသူထံ အလုပ်ပြန်ခန့်ထားရန်၊ နစ်နာကြေးထုတ်ပေးရန် (၉/၂၀၂၂)လအထိ တောင်းဆိုမှု မပြုခဲ့ကြ ကြောင်း၊ ဒေါ်သီတာအေးသည် (၁၁/၂၀၂၁)လမှ (၉/၂၀၂၂)လအထိ ၁၀ လကြာ ကင်းကွာခဲ့ ကြောင်း၊ ဒေါ်သီတာဦးသည် (၁၂/၂၀၂၀)လမှ (၉/၂၀၂၂)လအထိ ၁ နှစ်နှင့် ၉ လကြာ ကင်းကွာခဲ့ ကြောင်း၊ ဦးခင်မောင်ညွှန့်သည် (၃/၂၀၂၀)လမှ (၉/၂၀၂၂)လအထိ ၂ နှစ် နှင့် ၄ လကြာ ကင်းကွာ ခဲ့ကြောင်း၊ ဦးမျိုးဝင်းသူသည် (၃/၂၀၂၀)လမှ (၉/၂၀၂၂)လအထိ ၂ နှစ် နှင့် ၄ လကြာ ကင်းကွာခဲ့ ကြောင်း၊ ဟိုတယ်အနေဖြင့်လည်း တောင်းဆိုသူ အလုပ်သမား (၄)ဦးအား စာဖြင့်၊ နှုတ်ဖြင့် အလုပ်ရပ်စဲမှုပြုလုပ်ခဲ့ခြင်း မရှိကြောင်း၊ ဦးမျိုးဝင်းသူသည် (၂/၂၀၂၀)လမှစ၍ နားခဲ့ရာ အခြား ဌာနတွင်လုပ်ရန် မေးရာ ဟိုတယ်ခန်းမဖွင့်မှ ပြန်ဆင်းမည်ပြောကြောင်း၊ လက်ရှိပြင်ပတွင် Delivery ပို့ရင်းနှင့်ကြာခဏဟိုတယ်သို့ရောက်လာပြီး အလုပ်ပြန်ဝင်ရန်မပြောကြောင်း၊ အလုပ်ရှင်

အနေဖြင့် ဟိုတယ်အား ဆက်လက်ဖွင့်လှစ်ရန် မဖြစ်နိုင်တော့သဖြင့် မူလပိုင်ရှင်ထံအပ်နှံပြီး ပိတ်သိမ်းခဲ့ရကြောင်း၊ ပိတ်သိမ်းခဲ့ရာတွင် ဆက်လက်အလုပ်လုပ်ကိုင်သူ ဝန်ထမ်း (၂၈)ဦး အနက်မှ (၁၄)ဦးကို သင့်တော်သည့် အလုပ်နေရာစီစဉ်ပေးခဲ့ပြီး ကျန် (၁၄)ဦးကို ဥပဒေနှင့်အညီ နစ်နာကြေးပေးခဲ့ကြောင်း၊ ကာလရှည်ကြာစွာ ဟိုတယ်နှင့် ကင်းကွာနေသူများအား နစ်နာကြေး ပေးရန် ဆန္ဒမရှိကြောင်း၊ တောင်းဆိုသူများမှာ လုပ်သက်ရင့် ဝန်ထမ်းများဖြစ်သော်လည်း ဟိုတယ်နှင့်ကင်းကွာနေသဖြင့် နစ်နာကြေး မပေးနိုင်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သုံးသပ်ချက်

၅။ တောင်းဆိုသူ အလုပ်သမား ဒေါ်သီတာအေးပါ(၄)ဦးတို့သည် ဟိုတယ်ဖွင့်လှစ်ထားသော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအားကြောက်၍ အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းပြီး ဆက်လက် မလုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။ ဟိုတယ်အား မူလပိုင်ရှင်ထံ ပြန်အပ်ရသဖြင့် ဆက်လက်လုပ်ကိုင်နေသူ ဝန်ထမ်း (၁၄)ဦး နစ်နာကြေးရ၍ မိမိတို့ရသင့်သည် ဟုယူဆ၍ တောင်းဆိုမှုပြုသည်ဟု သုံးသပ်ရသည်။ တောင်းဆိုသူ အလုပ်သမား (၄)ဦး၏ ရပိုင်ခွင့်တောင်းဆိုမှုအပေါ် စိစစ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၄-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄)၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် အကျုံးမဝင်သော အငြင်းပွားမှုများ၊ အပိုဒ်(၇)၊ အပိုဒ်ခွဲ (ဂ)တွင် " ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ကာလကျော်လွန်နေသည့် အငြင်းပွားမှု " ဟု ထုတ်ပြန်ထားသည်ကို တွေ့ရှိရကြောင်း၊ တည်ဆဲအလုပ်သမားဥပဒေများတွင် ကာလစည်းကမ်းသတ်ဥပဒေ ဖော်ပြချက်ကို လေ့လာရာ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)တွင် ခြောက်လကာလ ကို ကာလစည်းကမ်းသတ်ဥပဒေအဖြစ် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်ကြောင်း၊ တောင်းဆိုသူ အလုပ်သမား (၄)ဦးသည် ကွင်းကွာကာလ (၆)လထက် ကျော်လွန်ခြင်း၊ အလုပ်ရှင်မှ စာဖြင့်၊ နှုတ်ဖြင့် အလုပ်ရပ်စဲမှုပြုလုပ်ခဲ့မှု မရှိခြင်းကြောင့် အလုပ်သမားဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ နစ်နာကြေးပေးရန် တာဝန်မရှိကြောင်း သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ တောင်းဆိုသူ အလုပ်သမား ဒေါ်သီတာအေးပါ(၄)ဦးအား နစ်နာကြေး ပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်